၄-၃-၂၀၂၆ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန် (တစ်ပြည် ) | | ဆီ (တစ်ပိဿာ ) | | စက်သုံးဆီ (တစ်လီတာ ) | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား ) |
|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | Octane ၉၅ | Octane ၉၂ | ဒီဇယ် (ရိုးရိုး ) | အဆင့်မြင့် ဒီဇယ် | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | မြစ်ကြီးနား | ၄၀၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၉၉၅၀ | ၄၅၆၀ | ၄၅၀၅ | - | ၄၈၃၀ | ၁၀၁၅၀၀၀၀ |
| ၂ | လားရှိုး | ၅၀၀၀ | ၁၁၀၀၀ | | ၈၁၆၅ | ၂၆၄၀ | ၂၅၇၅ | ၂၇၂၅ | ၃၀၀၅ | ၁၀၁၀၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၈၀၀ | ၈၆၀၀ | ၂၄၀၀၀ | - | ၃၅၀၀ | ၃၄၀၀ | ၃၅၀၀ | - | ၁၀၁၀၀၀၀၀ |
| ၄ | တောင်ကြီး | ၂၉၀၀ | ၈၆၀၀ | ၁၇၀၀၀ | ၇၂၇၅ | ၂၆၀၅ | ၂၅၄၀ | ၂၆၉၀ | ၂၉၇၀ | ၁၁၂၅၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၀၀၀ | ၅၅၀၀ | ၁၇၀၀၀ | ၇၀၀၀ | ၂၆၂၅ | ၂၅၆၅ | ၂၇၁၀ | ၂၉၉၅ | ၁၀၇၀၀၀၀၀ |
| ၆ | ဘားအံ | ၂၅၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၇၀၀၀ | ၂၅၆၅ | ၂၅၀၅ | ၂၆၅၅ | ၂၉၃၅ | ၁၁၁၈၀၀၀၀ |
| ၇ | မော်လမြိုင် | ၂၃၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၆၈၅၀ | ၂၇၃၀ | ၂၆၆၀ | ၃၀၃၅ | ၃၀၇၅ | ၁၀၆၀၀၀၀၀ |
| ၈ | ထားဝယ် | ၃၆၀၀ | ၆၅၀၀ | ၂၄၀၀၀ | ၇၂၈၀ | ၂၆၁၅ | ၂၅၅၀ | ၂၇၀၀ | ၂၉၈၀ | ၁၀၆၇၀၀၀၀ |
| ၉ | မြိတ် | ၃၀၀၀ | ၆၂၅၀ | ၂၃၀၀၀ | ၇၃၉၀ | ၂၈၈၀ | ၂၇၈၀ | ၂၉၀၀ | ၂၉၅၀ | ၁၀၈၅၀၀၀၀ |
| ၁၀ | ရန်ကုန် | ၃၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၆၈၀၀ | ၂၄၈၀ | ၂၄၁၅ | ၂၅၆၅ | ၂၈၄၅ | ၁၀၈၅၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၁၀၀ | ၄၈၀၀ | ၂၁၀၀၀ | ၇၀၄၅ | ၂၅၅၀ | ၂၄၉၀ | ၂၆၃၅ | ၂၉၁၅ | ၁၀၆၃၀၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | |
| ၁၃ | ဟားခါး | | ၁၂၅၀၀ | ၃၀၀၀၀ | - | ၂၈၈၀ | ၂၈၂၀ | ၂၉၇၀ | ၃၂၅၀ | ၁၀၆၇၀၀၀၀ |
| ၁၄ | မုံရွာ | ၃၂၀၀ | ၇၉၀၀ | ၁၆၀၀၀ | ၇၆၀၀ | ၂၆၃၀ | ၂၅၇၀ | ၂၇၂၀ | ၃၀၀၀ | ၁၁၀၀၀၀၀၀ |
| ၁၅ | မန္တလေး | ၃၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၇၅၁၅ | ၂၅၉၀ | ၂၅၃၀ | ၂၆၈၀ | ၂၉၆၀ | ၁၀၈၅၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၇၄၉၅ | ၂၆၀၀ | ၂၅၃၅ | ၂၆၈၅ | ၂၉၆၅ | ၁၀၆၅၀၀၀၀ |
| ၁၇ | မကွေး | ၃၀၀၀ | ၇၅၀၀ | ၁၄၅၀၀ | ၇၃၆၀ | ၂၆၀၀ | ၂၅၃၅ | ၂၆၈၅ | ၂၉၆၅ | ၁၀၁၆၀၀၀၀ |
| ၁၈ | ပြည် | ၂၆၀၀ | ၅၁၀၀ | ၁၆၀၀၀ | ၇၁၅၅ | ၂၅၂၆ | ၂၄၆၀ | ၂၆၁၁ | ၂၈၉၆ | ၁၀၃၅၀၀၀၀ |
| ၁၉ | ပဲခူး | ၂၆၀၀ | ၅၁၀၀ | ၁၇၅၀၀ | ၇၁၅၅ | ၂၄၉၅ | ၂၄၃၀ | ၂၅၈၀ | ၂၈၆၀ | ၁၀၅၆၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၈၀၀ | ၇၂၀၀ | ၁၈၂၀၀ | ၇၁၆၅ | ၂၅၆၀ | ၂၄၉၅ | ၂၆၄၅ | ၂၉၂၅ | ၁၀၈၅၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၈၀၀ | ၇၂၀၀ | ၁၈၄၀၀ | ၇၁၆၅ | ၂၅၆၀ | ၂၄၉၅ | ၂၆၄၅ | ၂၉၂၅ | ၁၀၈၅၀၀၀၀ |
| ၂၂ | ကလေး | ၃၁၀၀ | | ၂၀၀၀၀ | ၈၄၁၅ | ၃၆၃၀ | ၃၅၇၀ | ၃၇၂၀ | ၄၀၀၀ | ၁၀၃၀၀၀၀၀ |

# The Consumer Affairs News Letter

Monthly News Letter | February 2026 | Department of Consumer Affairs

## အာဆီယံထုတ်ကုန်ဆိုင်ရာ ထိခိုက်နစ်နာမှု သတင်းအချက်အလက် အွန်လိုင်းစကြံတည်ထောင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် ဆက်စပ်ဆွေးနွေးပွဲများသို့တက်ရောက်ခြင်း




အာဆီယံထုတ်ကုန်ဆိုင်ရာ ထိခိုက်နစ်နာမှု သတင်းအချက်အလက် အွန်လိုင်းစကြံတည်ထောင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် ဆက်စပ်ဆွေးနွေးပွဲများအား ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၂ ရက်နေ့အထိ အင်ဒိုနီးရှား နိုင်ငံ၊ ဂျာကာတာမြို့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲများသို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ ဗြိတိန်စီးပွားရေးပေါင်းစည်းမှုအစီအစဉ် (UK-EIP) မှ တာဝန်ရှိသူများ၊ အာဆီယံစားသုံးသူကာကွယ်ရေး ကော်မတီအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံအနေဖြင့် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (၂) ဦး တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် UK-EIP မှ တာဝန်ရှိသူ Mr. Benjamin Matthews ၊ ဗြိတိန်နိုင်ငံ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် စံချိန်စံညွှန်းများဆိုင်ရာရုံးအဖွဲ့ (OPSS) ၏

*၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။*

## သတင်းခေါင်းစဉ်များ


**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၃

၁။ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပနိုင်မှုအခြေအနေ

၂။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ** ၁

၃။ အာဆီယံထုတ်ကုန်ဆိုင်ရာ ထိခိုက်နစ်နာမှု သတင်းအချက်အလက် အွန်လိုင်းစကြီတည်ထောင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် ဆက်စပ်ဆွေးနွေးပွဲများသို့တက်ရောက်ခြင်း

**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၅

၄။ ခရီးသွားဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၅။ အွန်လိုင်းမှတစ်ဆင့် အထည်ဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၆။ စားသောက်ဆိုင်ဝန်ဆောင်မှုနှင့်ပတ်သက်၍တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၇။ ဟိုတယ်ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၈။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း CICC ရုံးများသို့ တိုင်ကြားလာမှုအခြေအနေ

**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၈

၉။ တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

၁၀။ ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

၁၁။ Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

၁၂။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

၁၃။ ၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသားစိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၅

၁၄။ တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၅။ ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၆။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

**သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ** ၂၄

၁၇။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

၁၈။ မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online - MyRO) တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ထားရှိမှုအခြေအနေ

**ကုန်သွယ်မှုကဏ္ဍ** ၂၅

၁၉။ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာဈေးနှုန်းများ




## သတင်းအချက်အလက်၊ နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

### ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက် နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့်အရည်အသွေး စီမံခန့်ခွဲမှုဌာနစု (လှည်းကူး) ၏ ဓာတ်ခွဲခန်းများမှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း လုပ်ငန်းရှင် ၂၈ ဦးက အပ်နှံလာသော သီးနှံအမျိုးအစား ၁၀ မျိုး၊ စုစုပေါင်းနမူနာ အရေအတွက် ၆၈ ခု၊ ဓာတ်ခွဲစမ်းသပ်မှု ပေါင်း ၁၂၀ ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လယ်ယာထွက်ကုန်ပို့ကုန်များအား တရုတ်နှင့် ဂျပန်နိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ဆန်ဖြူ၊ ဆန်ကွဲ၊ နှမ်းနက်သီပွဲ၊ ပဲလွန်း၊ မုယောစပါး၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ပြောင်းဆန်တို့တွင် ပိုးသတ်ဆေး ဓာတ်ကြွင်း ပါရှိမှု၊ မှိုဆိပ်ပါရှိမှု၊ သီးနှံဓာတု အရည်အသွေး နှင့် သီးနှံရုပအရည်အသွေးစသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲစမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်းဓာတ်ခွဲခန်းမှ ၅၃ ခု၊ မှိုဆိပ်ဓာတ်ခွဲခန်းမှ ၁၅ ခု၊ ဆီနှင့်ဆီထွက် သီးနှံဓာတ်ခွဲခန်းမှ ၁၇ ခု၊ သီးနှံဓာတုဓာတ်ခွဲခန်း မှ ၂၉ ခု၊ သီးနှံရုပဓာတ်ခွဲခန်းမှ ၆ ခု၊ စုစုပေါင်း ဓာတ်ခွဲစမ်းသပ်မှု ၁၂၀ ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။ **Source:** သတင်း/နည်း

### မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online - MyRO) တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ထားရှိမှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး | ကုမ္ပဏီ | | | လူပုဂ္ဂိုလ်/လုပ်ငန်းရှင် | | | သိုလှောင်ရုံပေါင်း |
|---|---|---|---|---|---|---|---|---|
| | | အသေးစား | အလတ်စား | အကြီးစား | အသေးစား | အလတ်စား | အကြီးစား | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၀ | ၁ | ၂ | ၄၆ | ၅၃ | ၇၅ | ၁၇၇ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး | ၀ | ၀ | ၀ | ၁၀၆ | ၁၂ | ၅ | ၁၂၃ |
| ၃ | နေပြည်တော်ကောင်စီနယ်မြေ | ၀ | ၁ | ၉ | ၆၂ | ၇၈ | ၂၅ | ၁၇၅ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၂ | ၃ | ၂၄ | ၁၆၆ | ၅၆၀ | ၃၂၀ | ၁၀၇၅ |
| ၅ | မကွေးတိုင်းဒေသကြီး | ၀ | ၀ | ၁ | ၁၅၆ | ၁၈၆ | ၃၅ | ၃၇၈ |
| ၆ | မန္တလေးတိုင်းဒေသကြီး | ၁ | ၇ | ၁၉ | ၂၅၈ | ၁၈၆ | ၅၄ | ၅၂၅ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး | ၂ | ၁၄ | ၂၀၄ | ၂၆၈ | ၃၂၆ | ၁၄၀ | ၉၅၄ |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | ၀ | ၂၃ | ၆၇ | ၃၈၁ | ၇၇၀ | ၆၂၁ | ၁၈၆၂ |
| ၉ | ကချင်ပြည်နယ် | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၃ |
| ၁၀ | ကရင်ပြည်နယ် | ၀ | ၀ | ၂ | ၂၅ | ၁၆ | ၃ | ၄၆ |
| ၁၁ | မွန်ပြည်နယ် | ၀ | ၀ | ၁ | ၆၃ | ၇၅ | ၁၁ | ၁၅၀ |
| ၁၂ | ရခိုင်ပြည်နယ် | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၂ |
| ၁၃ | ရှမ်းပြည်နယ် | ၀ | ၄ | ၂ | ၄၆ | ၅၈ | ၂၅ | ၁၃၅ |
| | စုစုပေါင်း | ၅ | ၅၄ | ၃၃၁ | ၁၅၇၈ | ၂၃၂၃ | ၁၃၁၄ | ၅၆၀၅ |

**Source:** သတင်း/နည်း

*စာမျက်နှာ ၂၂ မှအဆက်*

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်လင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ထမ်းများ၊ ကလောမြို့နယ် ဟဲဟိုးမြို့နယ်အတွင်းရှိ စားသုံးသူပြည်သူများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ရပ်ကွက် (၄) မြို့သစ်ရပ်ကွက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတို့ရှိ သင်တန်းသူသင်တန်းသားများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် စားသုံးသူနစ်နာဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ ဖြေရှင်းဆောင်ရွက်ပေးမှု အခြေအနေများကို ဟောပြောဆွေးနွေးခဲ့ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုအနေဖြင့် လွိုင်လင်မြို့ပေါ်ရှိ ဒိန်ချဉ်ထုတ်လုပ်သည့်လုပ်ငန်းရှင်များနှင့် တောင်ကြီးမြို့ မြို့မဈေးအတွင်းရှိ ကုန်စုံရောင်းဝယ်မှုပြုလုပ်သောလုပ်ငန်းရှင်များတို့အား စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ

**၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ဇန်နဝါရီလ စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | လုပ်ငန်းဆောင်ရွက်သည့်အကြိမ်ပေါင်း | | | | | | | | | | | | | တိုင်းစားသုံးသူရေးရာကော်မတီ အစည်းအဝေး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဟောပြောသည့်နေရာ အရေအတွက် | | | | | | | | | | အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း | လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်း | သင်တန်းများဖွင့်လှစ်ခြင်း | |
| | | ကျောင်း | တက္ကသိုလ်ကောလိပ်သိပ္ပံ | ရပ်ကွက်ကျေးရွာ | တပ်ရင်း+ဌာန+အသင်း | Online/ Media (Talk Show) | စက်ရုံအလုပ်ရုံ | ဈေး | ပြခန်း | အခြား | စုစုပေါင်း | | | | |
| ၁ | ကချင် | ၂ | - | ၃ | - | - | - | - | - | - | ၅ | - | ၅ | ၁ | ၁ |
| ၂ | ကယား | - | - | - | - | - | - | - | - | - | - | - | ၁ | - | ၁ |
| ၃ | ကရင် | ၂ | - | - | - | - | ၁ | - | - | ၁ | ၄ | - | ၂ | - | - |
| ၄ | ချင်း | - | - | - | ၁ | - | - | - | - | - | ၁ | - | ၁ | - | ၁ |
| ၅ | စစ်ကိုင်း | ၅ | - | ၂ | - | - | - | - | - | - | ၇ | - | ၂၁ | ၂ | - |
| ၆ | တနင်္သာရီ | ၅ | - | - | ၁ | - | - | - | - | ၁ | ၇ | - | ၉ | ၁ | ၁ |
| ၇ | ပဲခူး | ၃၂ | - | ၁၂ | - | ၃ | - | ၁ | - | - | ၄၈ | - | ၆၂ | - | ၁ |
| ၈ | မကွေး | ၂၁ | - | - | ၇ | ၃ | - | ၁ | - | - | ၃၂ | - | ၅၀ | ၁ | ၁ |
| ၉ | မန္တလေး | ၅ | ၁ | ၇ | ၇ | ၇ | ၇ | ၂ | - | ၁ | ၃၇ | - | ၆၁ | ၆ | ၁ |
| ၁၀ | မွန် | ၇ | - | - | ၂ | ၃ | - | - | - | - | ၁၂ | - | ၄ | ၁ | ၁ |
| ၁၁ | ရခိုင် | ၁ | - | - | - | - | - | - | - | - | ၁ | - | ၁ | - | ၁ |
| ၁၂ | ရန်ကုန် | ၁၁ | - | ၂ | - | ၃ | ၂ | ၂ | - | - | ၂၀ | - | ၁၅ | ၁ | ၁ |
| ၁၃ | ရှမ်းတောင် | - | - | - | - | - | - | ၂ | - | ၁ | ၃ | - | ၁၂ | - | ၁ |
| ၁၄ | ရှမ်းမြောက် | ၁ | - | - | - | - | - | - | - | - | ၁ | - | ၆ | - | - |
| ၁၅ | ရှမ်းအရှေ့ | ၁ | - | - | ၁ | - | - | - | - | - | ၂ | - | ၂ | - | - |
| ၁၆ | ဧရာဝတီ | ၃၁ | - | ၉ | ၄ | ၂၀ | ၁ | ၂ | ၁ | - | ၆၈ | - | ၃၂ | ၁ | - |
| ၁၇ | ပြည်ထောင်စုနယ်မြေ | ၂ | - | - | ၂ | - | ၁ | - | - | - | ၅ | - | ၁ | - | ၁ |
| | **ပြည်ထောင်စုချုပ်** | **၁၂၆** | **၁** | **၃၅** | **၂၅** | **၃၉** | **၁၂** | **၁၀** | **၁** | **၄** | **၂၅၃** | **-** | **၂၈၅** | **၁၄** | **၁၂** |

**Source:** အသိပညာပေး



## ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

*ရှေ့ဖုံးမှအဆက်*

ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Will Creswell နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူ Dr. Thang Luong တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဗြိတိန်နိုင်ငံ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် စံချိန်စံညွှန်းများဆိုင်ရာရုံးအဖွဲ့ (OPSS) မှ တာဝန်ရှိသူများက အာဆီယံထုတ်ကုန်ဆိုင်ရာ ထိခိုက်နစ်နာမှု အွန်လိုင်းစကြီ တည်ထောင်နိုင်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံအလိုက် အကဲဖြတ် ဆန်းစစ်မှုပြုလုပ်ထားသည့် အခြေအနေများ၊ အွန်လိုင်းစကြီ တည်ထောင်ရန်အတွက် နိုင်ငံအလိုက်ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် အာဆီယံအဆင့် ထုတ်ကုန်ဆိုင်ရာ ထိခိုက်နစ်နာမှု အွန်လိုင်းစကြီ တည်ထောင်ခြင်းဖြင့် အာဆီယံနိုင်ငံများအတွက် ရရှိမည့် အကျိုးကျေးဇူးများ စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့အပြင် အာဆီယံဒေသတွင်း ထုတ်ကုန်လုံခြုံ စိတ်ချရမှုရှိစေရေး အလေ့အကျင့်ကောင်းများဖြစ်ထွန်းစေရန်အတွက် ဘေးအန္တရာယ်ရှိ ကုန်စည်များအား ပြန်လည်သိမ်းဆည်းခြင်းဆိုင်ရာ အာဆီယံဒေသတွင်း လမ်းညွှန်ချက်ရေးဆွဲနိုင်ရေး ဆောင်ရွက်ထားမှုအခြေအနေများနှင့် အဆိုပါ ဒေသတွင်း လမ်းညွှန်ချက်ရေးဆွဲ သတ်မှတ်ခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးများ၊ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် စည်းမျဉ်း စည်းကမ်းများ စသည်တို့ကို ရှင်းလင်းတင်ပြခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဆွေးနွေးပွဲများသို့ ပါဝင်တက်ရောက်ခြင်းဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ထုတ်ကုန် လုံခြုံစိတ်ချရမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေသည့် သတင်းအချက်အလက်များကိုဖလှယ်ခွင့်ရရှိခြင်း၊ ဘေးအန္တရာယ်ရှိသည့် ကုန်စည်များအား ပြန်လည်သိမ်ဆည်းရန်အတွက် ထုတ်ကုန်သတိပေးလှုံဆော်မှုစနစ်ခိုင်မာစေရေး အဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုပူးပေါင်းဆောင်ရွက်ခွင့်ရရှိခြင်းနှင့် ထုတ်ကုန်ဆိုင်ရာ ထိခိုက်နစ်နာမှု အွန်လိုင်းစကြီတည်ထောင်နိုင်ရေးနှင့် ထုတ်ကုန်ပြန်လည်သိမ်းဆည်းခြင်းဆိုင်ရာ အာဆီယံလမ်းညွှန်ချက်ရေးဆွဲထုတ်ပြန်နိုင်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် ဗြိတိန်နိုင်ငံ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် စံချိန်စံညွှန်းများဆိုင်ရာရုံးအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များထံမှ နည်းပညာ ကူညီထောက်ပံ့မှုများရရှိခဲ့ခြင်းစသည့် အကျိုးကျေးဇူးများစွာရရှိခဲ့ကြောင်းသတင်းရရှိပါသည်။

**Source:** အာဆီယံ

## မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးကော်မရှင်ကဏ္ဍ

### မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပနိုင်မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ၏ ရည်ရွယ်ချက်များအောင်မြင်စေရန်နှင့်စားသုံးသူကာကွယ်ရေးဆိုင်ရာ မူဝါဒများနှင့် အစီအမံများ ချမှတ်နိုင်ရေးတို့အတွက် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် စီးပွားရေး

*စာမျက်နှာ ၄ ကော်လံ ၁ သို့*

*စာမျက်နှာ ၃ မှ အဆက်*

နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားးသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊ အစည်းအဝေးခန်းမ (၁) ၌ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေး ကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) ကိုကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးဆုံးဖြတ်ချက် (၁၈) ချက်ကို ချမှတ်နိုင်ခဲ့ပါသည်။

**Source:** ကော်မရှင်

## စားသုံးသူကာကွယ်ရေး ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်၊ စားသုံးသူနှင့်စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးရန်တို့အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၄/၂၀၂၁) ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပါသည်။ အဆိုပါ စားသုံးသူရေးရာကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံး သုံးလလျှင် တစ်ကြိမ် ကျင်းပရမည်ဖြစ်ရာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကယားပြည်နယ်စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၈-၁-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်စားသုံးသူရေးရာ ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၂-၁-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးစားသုံးသူရေးရာ ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၃-၁-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ ကချင်ပြည်နယ် စားသုံးသူရေးရာ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၄-၁-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၅-၁-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၆-၁-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၉-၁-၂၀၂၅ ရက်နေ့ တွင်လည်းကောင်း၊ ရခိုင်ပြည်နယ် စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၁-၁-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၇-၁-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ ချင်းပြည်နယ် စားသုံးသူရေးရာ ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ၂၈-၁-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၃၀-၁-၂၀၂၆ ရက်နေ့တွင်လည်းကောင်း စုစုပေါင်း (၁၂) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ကော်မရှင်



*စာမျက်နှာ ၂၁ မှအဆက်*

သတိပေးချက်များ ထုတ်ပြန်ထားရှိမှုအခြေအနေတို့ကို ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်ကော်မြို့ပေါ်ရှိ မုန့်မျိုးစုံလက်လီ/လက်ကား ဖြန့်ဖြူးရောင်းချနေသော လုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားချက်နှင့်အညီ ကုန်စည်များကို စနစ်တကျထုတ်လုပ်နိုင်ရေး စားသုံးသူနစ်နာဆုံးရှုံးမှုများနှင့် ပတ်သက်၍ တိုင်ကြားနိုင်သည့် နည်းလမ်းများအကြောင်းကို အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်၊ ရှမ်းရွာလေးကျေးရွာရှိ အ. လ. က (ခွဲ) ကျောင်း၊ ချောင်းဆုံမြို့နယ်ရှိ အ. မ. က (ချောင်းဆုံခွဲစု) ကျောင်းနှင့်အ. မ. က(အပြိုင်)ကျောင်း ၊ မော်လမြိုင်မြို့ရှိ အ. ထ. က(၉) ကျောင်း၊ သထုံခရိုင် ဘီးလင်းမြို့၊ ဘိုးလှကြီး ရပ်ကွက် အ. မ. က ကျောင်း၊ သထုံမြို့နယ်၊ နန်းခဲရပ်ကွက်ရှိ အ. မ. က (စိန်ကုန်း)ကျောင်း ၊ ကျိုက်ထိုမြို့ရှိ အ. မ. က ကျောင်းတို့မှ ဆရာဆရာမများနှင့်ကျောင်းသားကျောင်းသူများအား စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စားသုံးသူ ထိခိုက်နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ အွန်လိုင်း ရောင်းချမှုဆိုင်ရာ အသိပညာများ ဟောပြောခဲ့ကြောင်း၊ ထို့အပြင် မုဒုံမြို့နယ်နှင့် ပေါင်မြို့နယ်တို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များလည်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထို့နောက် မွန်ပြည်နယ်ဦးစီးမှူးရုံးရှိ အစည်းအဝေးခန်းမ၌ ဆီလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေးနည်းဥပဒေပါ လုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်များအား ဆွေးနွေးခဲ့ကြောင်း၊ မော်လမြိုင်မြို့နယ်ရှိ Mini-Market လုပ်ငန်းရှင်၊ သထုံမြို့နယ်ရှိ မြေပဲယိုလုပ်ငန်းရှင်၊ ပေါင်မြို့နယ်ရှိ မုန့်မျိုးစုံရောင်းဝယ်ရေး လုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံခြင်းများ ဆောင်ရွက်ခဲ့ရာ ကုန်အညွှန်းအမှတ်အသားနှင့် ပတ်သက်သည့် အချက်အလက်များ၊ အွန်လိုင်းမှတ်ပုံတင် ပြုလုပ်ရန်နှင့် လုပ်ငန်းရှင်များ သိရှိရန် လိုအပ်သော အချက်အလက်များနှင့် ဈေးနှုန်းမြှင့်တင်ရောင်းချမှုမရှိစေရေးနှင့် စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအကြောင်းတို့ကို ဆွေးနွေးခဲ့ကြောင်း သိရှိပါသည်။

**ရခိုင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** စစ်တွေမြို့နယ် လမ်းမတော်မြောက်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ပြီး ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူကာကွယ်ရေးဥပဒေပါ အချက်အလက်များ၊ အသင့်သောက်အချိုရည်များနှင့် မုန့်ထုပ်များပေါ်တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြထားမှုများ၊ စားသုံးသူနစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

*စာမျက်နှာ ၂၃ ကော်လံ ၁ သို့*

*စာမျက်နှာ ၂၀ မှအဆက်*

မအူပင်မြို့၊ ပန်းတနော်မြို့၊ ဓနုဖြူမြို့၊ ဖျာပုံမြို့နယ် တို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူ အသိပညာပေး Talk Show အစီအစဉ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**နေပြည်တော်ဦးစီးမှူးရုံးအနေဖြင့်** ဇမ္ဗူသီရိမြို့နယ်၊ အ. မ. က (၇၃) ကျောင်းနှင့် အ. မ. က လွန် (၃၄) ကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ တဲကြီးကုန်းကျေးရွာနှင့် အလျင်လိုကျေးရွာတို့ရှိ စားသုံးသူ ပြည်သူများ၊ ပျဉ်းမနားမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများအား စားသုံးသူအခွင့်အရေးနှင့် တာဝန်များအကြောင်း အသိပညာပေးခြင်း ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဦးစီးမှူးရုံး၌ နေပြည်တော်ဦးစီးမှူးက စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ လုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်ဝတ္တရားများနှင့် ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချရာတွင် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာပါရှိရေးနှင့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအကြောင်း ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**Source:တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

## ပြည်နယ်များအတွင်း အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနရှိ ပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း-

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက်၊ အမှတ်(၇)၊ အ. ထ. က ကျောင်းရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တပ်ကုန်းရပ်ကွက်နှင့်အောင်နန်းရပ်ကွက်ရှိ စားသုံးသူပြည်သူများနှင့် မိုးညှင်းမြို့၊ အရှေ့စုရပ်ကွက်၊ အခြေခံပညာမူလတန်းလွန်ကျောင်းရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ နောင်စွန်းရပ်ကွက်ရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ၊ စားသုံးသူအခွင့်အရေးများ နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံခြင်းနှင့်ပတ်သက်၍ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ကုန်မျိုးစုံရောင်းချသည့်လုပ်ငန်းရှင်၊ ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာနှင့် အမှတ်(၁)ရပ်ကွက်ရှိ ကုန်မျိုးစုံရောင်းချသည့်လုပ်ငန်းရှင်၊ မိုးညှင်းမြို့၊ ဂတ်အိုးနှင့် ဂတ်မီးဖိုအမျိုးမျိုးရောင်းဝယ်ရေး လုပ်ငန်းရှင်နှင့် တစ်ခါသုံးပလပ်စတစ်ဗူးအမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ အချက်အလက်များနှင့် ကိုက်ညီမှုမရှိသည့် ကုန်စည်ကိုထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရန်၊ ကုန်ပစ္စည်း

*စာမျက်နှာ ၂၂ ကော်လံ ၁ သို့*



# စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ

## ခရီးသွားဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီးနေ တိုင်ကြားသူတစ်ဦးသည် Express လိုင်းတစ်ခုဖြင့် ၁-၁-၂၀၂၆ ရက်နေ့တွင် ရန်ကုန်-ညောင်ဦး ခရီးစဉ်သွားရောက်ခဲ့ရာ ရန်ကုန်မှ အထွက်ဂိတ်တွင် ဝန်ပိုနေသည်ဟုဆိုကာ မိမိအပါအဝင် ခရီးသည် (၁၁) ဦးအား ထိုင်ခုံမပါသည့် မီးသွေးတင်ကားပေါ်တွင် (၁) နာရီကျော် စီးခိုင်းခဲ့မှုအပေါ် တစ်စုံတစ်ရာ ပြန်လည်ဖြေရှင်းပေးမှု မရှိခြင်းနှင့် အခြားဝန်ဆောင်မှုများ အဆင်မပြေခြင်းတို့ကြောင့် စားသုံးသူရေးရာဦးစီးဌာနသို့ ၁၂-၁-၂၀၂၆ ရက်နေ့တွင် စာဖြင့် ဆက်သွယ်တိုင်ကြားလာပါသည်။

တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက အောင်မင်္ဂလာ ကားဝင်းရှိ YRTC ရုံးခန်း၌ ယာဉ်ကြီးကြပ်ရေးမှ ဒုတိယဌာနမှူးနှင့် Express တာဝန်ခံတို့အား ခေါ်ယူတွေ့ဆုံ ဆွေးနွေးခဲ့ရာ ယခင်က ၎င်းတို့ မော်တော်ယာဉ်ဂိတ်တွင် ချိန်တွယ်သည့်ကတ္တား မရှိသောကြောင့် တစ်ခါတစ်ရံ ခရီးသည်နှင့်ကုန်တင်သည့်အခါ တန်ချိန်ပိုနေသည့်အတွက် အခြားကားပေါ် ပြောင်းစီးပေးရန် မေတ္တာရပ်ခံခဲ့ခြင်းမျိုးသာ ရှိခဲ့ပါကြောင်း၊ ၁၅-၁-၂၀၂၆ ရက်နေ့မှစ၍ ခရီးသည်နှင့်ကုန်စည်များပါ ချိန်တွယ်၍ စတင်ပြေးဆွဲနေသည့်အတွက် တန်ချိန်ပိုသည့် ဖြစ်စဉ်မျိုး ထပ်မံဖြစ်ပွားခြင်းမရှိတော့ပါကြောင်း တိုင်ကြားသူထံ ရှင်းလင်းပြောကြားခဲ့ပြီး တိုင်ကြားသူ နစ်နာမှုအတွက် လက်မှတ် (၂) စောင်ဖိုး ငွေကျပ် ၅၆,၀၀၀/- အား Kpay ဖြင့် တိုင်ကြားသူထံ လွှဲပြောင်းပေးခဲ့သဖြင့် ညှိနှိုင်းဖြေရှင်းပေးမှုကို တိုင်ကြားသူမှလည်း ကျေနပ်မှုရှိပါသောကြောင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## အွန်လိုင်းမှတစ်ဆင့် အထည်ဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နေ တိုင်ကြားသူတစ်ဦးသည် Facebook Page တစ်ခုမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲ၌ ဝန်ထမ်းအားလုံး တူညီဝတ်စုံဝတ်ဆင်နိုင်ရန်အတွက် Tracksuit (၁၃) ထည်အား ကျသင့်ငွေကျပ် ၄၅၀,၅၀၀/- အပေါ် စရံငွေကျပ် ၂၅၀,၅၀၀/-အား ၂၁-၁၀-၂၀၂၅ ရက်နေ့တွင် Kpay ဖြင့် လွှဲပေးပြီး မှာယူခဲ့ရာ ၁၈-၁၁-၂၀၂၅ ရက်နေ့တွင် အကျႌများ မရောက်သေး၍ ဆက်သွယ်မေးမြန်းရာတွင် ရန်ကုန်မှ မှာယူထားသော ပိတ်စများမရောက်သေး၍ ပစ္စည်းပေးပို့နိုင်မှုမရှိကြောင်း ပြောကြားသဖြင့် လုပ်ငန်းရှင်တည်ရှိရာ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ ဆက်သွယ်တိုင်ကြားလာပါသည်။

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

*စာမျက်နှာ ၅ မှအဆက်*

တိုင်ကြားမှုနှင့်ပတ်သက်၍ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့် Facebook Page သို့ ဖြေရှင်းဆောင်ရွက်ပေးရန် အကြောင်းကြားဆောင်ရွက်ခဲ့ရာ တိုင်ကြားခံရသည့် Facebook Page မှ တာဝန်ရှိသူက Tracksuit (၁၃)ထည်အတွက် စရံငွေကျပ် ၂၅၀,၅၀၀/-အား တိုင်ကြားသူထံသို့ KPay ဖြင့် ပြန်လည်လွှဲအပ်ပေးပြီး ဖြစ်ပါကြောင်း အကြောင်းပြန်ကြားလာသော်လည်း ကတိပြုထားသော အာမခံချက်နှင့် ကိုက်ညီမှုမရှိသဖြင့် လုပ်ငန်းရှင်အား မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ဖြစ်သည့် စားသုံးသူကာကွယ်ရေး ဥပဒေပုဒ်မ ၅၂ (က) အရ



“သတိပေးခြင်း” အမိန့်ကို ချမှတ်ခဲ့ပြီး တိုင်ကြားသူထံသို့ ဆက်သွယ်မေးမြန်းရာတွင် စရံငွေများ ပြန်လည်ရရှိပြီး ဖြေရှင်းပေးမှုကို ကျေနပ်ပါကြောင်း ပြောကြားခဲ့သဖြင့် တိုင်ကြားမှုအား ပိတ်သိမ်းဆောင်ရွက်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## စားသောက်ဆိုင်ဝန်ဆောင်မှုနှင့်ပတ်သက်၍တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် စားသောက်ဆိုင်တစ်ဆိုင်တွင် သွားရောက် စားသောက်ခဲ့ရာ ၎င်း၏ မော်တော်ယာဉ်အား ပါကင်ထိုးပေးရန် စားသောက်ဆိုင်မှဝန်ထမ်းကို ကားသော့ပေး၍ အပ်ခဲ့ပါကြောင်း၊ ည (၉း၅၀) အချိန်၌ ၎င်း၏ မော်တော်ယာဉ်ကို ပြန်လည်ယူဆောင်ပြီး ဆိုင်မှ ထွက်ခွာလာကြောင်း၊ နောက်နေ့ တွင် မော်တော်ယာဉ်၏ နောက်မီးခွက် (ညာဘက်)တွင် ကွဲအက်နေကြောင်း တွေ့ရှိရသည့်အတွက် စားသောက်ဆိုင်သို့ သွားရောက်၍ CCTV ကို ကြည့်ရှုစစ်ဆေးခဲ့ရာ ဆိုင်သို့ လာရောက်စဉ်တွင် ကားမီးခွက်တွင် ကွဲအက်ခြင်းမရှိဘဲ ဆိုင်မှ ထွက်လာမှသာ ကားမီးခွက်ကွဲအက်နေသည်ကို တွေ့ရှိ



ရသောကြောင့် စားသောက်ဆိုင်မှ တာဝန်ရှိသူများထံ အကြောင်း ကြားဆောင်ရွက်ခဲ့ရာ နှစ်ဦးနှစ်ဖက် ပြေလည်မှုမရရှိသဖြင့် စားသုံးသူရေးရာဦးစီးဌာနသို့ ဆက်သွယ်တိုင်ကြားလာပါသည်။

တိုင်ကြားမှုနှင့်ပတ်သက်၍ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက တိုင်ကြားသူနှင့် တိုင်ကြားခံရသည့် စားသောက်ဆိုင်မှ တာဝန်ရှိသူတို့အား ဌာနသို့

*စာမျက်နှာ ၇ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၉ မှအဆက်*

အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း၊ သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်တို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အသိပညာပေး Talk Show အစီအစဉ်များလည်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် ကွင်းခြံကုန်းမြို့နယ်ရှိ ဆန်နှင့်ဆန်ထွက်ပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ကုန်ပစ္စည်းများတွင် သိသာထင်ရှားစွာ ဖော်ပြရန်နှင့် ပြည့်စုံမှန်ကန်စွာ ဖော်ပြနိုင်ရေး၊ အသိပညာပေး ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** တိုင်းဒေသကြီးအတွင်းရှိ ရေကြည်မြို့၊ အ. ထ. က ကျောင်း၊ ရေသိုး ကျေးရွာ အ. မ. ကကျောင်း၊ သာပေါင်းမြို့၊ တောင်ကလေးကျေးရွာရှိ အ. မ. က ကျောင်း၊ ကန်ကြီးထောင့်မြို့၊ မဂူကျွန်းကျေးရွာရှိ အ. မ. ကကျောင်း၊ ဟင်္သာတမြို့နယ် လက်ပံလှအုပ်စု ပဲခူးစုကျေးရွာရှိ အ. ထ. က ကျောင်း၊ ဝါးခယ်မမြို့နယ် ကျုံမငေး အ. ထ. က ကျောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး အထက်တန်းကျောင်း၊ မော်ကျွန်းမြို့နယ်ရှိ တုံးလဲ့ရပ်မူလွန်ကျောင်း၊ မြောင်းမြမြို့၊ စကမြားကျေးရွာရှိ အ. မ. ကကျောင်း၊ ဖျာပုံမြို့ရှိ အ. လ. က (၁)၊ အ. လ. က (၂) ကျောင်း၊ ဖျာပုံမြို့နယ်၊ ဂျိုးဝါကြံခင်း ကျေးရွာရှိ အ. မ. ကကျောင်း၊ ဘိုကလေးမြို့ရှိ အ. လ. က ခွဲကျောင်းတို့မှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ကျိုက်လတ်မြို့ရှိ မီးသတ်ဦးစီးဌာနဝန်ထမ်းများအား ကုန်စည်/ ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ အာမခံပေးထားမှုအပေါ် စားသုံးသူက တောင်းဆိုနိုင်သည့် အခွင့်အရေးများ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စားသုံးသူအခွင့်အရေးများ နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံခြင်းနှင့်ပတ်သက်၍ ပုသိမ်မြို့နယ်၊ မြောင်းမြမြို့နယ်၊ ဖျာပုံမြို့နယ်၊ ပန်းတနော်မြို့နယ် ရေကြည်မြို့ နယ်နှင့်ငပုတောမြို့နယ်ရှိ ဆီလုပ်ငန်းရှင်များအား သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချရေး၊ အလေးချိန်ပြည့်မီရေး၊ ရောနှောဆီများမရှိစေရေး၊ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာများ အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ ကန်ကြီးထောင့်မြို့နယ်၊ ဇလွန်မြို့နယ်၊ ဒေးဒရဲမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်များ၊ မအူပင်မြို့နယ်ရှိ MSMES လုပ်ငန်းရှင်များ၊ SME လုပ်ငန်းရှင်မှာ ဆန်စက်လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ကုန်ပစ္စည်းများတွင် သိသာထင်ရှားစွာ ဖော်ပြရန်နှင့်ပြည့်စုံ မှန်ကန်စွာဖော်ပြနိုင်ရေး အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ ဇလွန် မြို့၊ မော်လမြိုင်ကျွန်းမြို့၊ ဝါးခယ်မမြို့၊ လပွတ္တာမြို့၊ အိမ်မဲမြို့၊ မြောင်းမြမြို့၊

*စာမျက်နှာ ၂၁ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၈ မှအဆက်*

ဈေးနှုန်းများ ဖော်ပြရေး၊ စက်သုံးဆီများ ပြတ်လပ်မှုမရှိစေရေး၊ အချင်အတွယ်မှန်ကန်မှုရှိစေရေး အသိပညာပေးခြင်း၊ FDA မှ တားမြစ်ထားသော ဆေးနှင့်ဆေးပစ္စည်း များ ရောင်းချခြင်းမရှိစေရေး အသိပညာပေးခြင်း၊ စားသုံးဆီများထားသိုရာတွင် သန့်ရှင်းမှုရှိစေရေးနှင့် သတ်မှတ်အချိုးအစားအတိုင်း Label ကပ်၍ရောင်းချရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** တက္ကသိုလ်/ကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ စက်ရုံ/အလုပ်ရုံများ၊ ဌာနဆိုင်ရာအသင်းအဖွဲ့များ၊ ဈေးများတွင် အသိပညာပေးဟောပြောခြင်း (၁၂) ကြိမ်၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (၇) ကြိမ်၊ ကျောက်ဆည်မြို့နယ်၊ ကျားအိုကြီးကျေးရွာရှိ ပြည်သူများ၊ ပြင်ဦးလွင်မြို့မဈေးရှိ စည်ပင်ဝန်ထမ်းများ၊ မြစ်သားမြို့နယ် သာလွန်ကျေးရွာရှိ ပြည်သူများ၊ ပြင်ဦးလွင်မြို့ အိမ်ခြံမြေရောင်းဝယ်သည့် လုပ်ငန်းရှင်များ၊ စဉ့်ကိုင်မြို့နယ် ညောင်ပင်ကြီး ကျေးရွာ၊ သာစည်မြို့နယ်၊ အုတ်ကျင်းကျေးရွာနှင့် မင်းလှကျေးရွာရှိ စားသုံးသူပြည်သူများ၊ မိတ္ထီလာမြို့နယ် ခင်လူး အ. လ. က (ခွဲ)၊ ပြည်သာယာရေး အ. လ. က(ခွဲ) ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ညောင်ဦးမြို့ အ. ထ. က ကျောင်း၊ ညောင်ဦးအဝေးပြေးကားကွင်းရှိ ယာဉ်လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေး ဥပဒေအကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေး ဆောင်ရွက်ခဲ့ကြောင်း၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နှင့် ကျောက်ပန်း တောင်းမြို့နယ်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ Online Shopping ရောင်းချခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အသိပညာပေး Talk Show ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ကြည့်မြင်တိုင်မြို့နယ်ရှိ အ. လ. က (၅) ကျောင်း၊ မရမ်းကုန်းမြို့နယ်ရှိ အ. လ. က (၂) ကျောင်း၊ ဗဟန်းမြို့နယ်ရှိ အ. ထ. က(၃) ကျောင်း၊ ကွမ်းခြံကုန်းမြို့နယ်ရှိ မူလွန်-တိုက်ကြီး/ဆင်ဒိုးကျောင်း၊ တွံတေးမြို့နယ်ရှိ အ. မ. က ပေါက်တောကျောင်း၊ အ. မ. က ဘုရားငုတ်တို (မ) ကျောင်း၊ ခရမ်းမြို့နယ် အ. ထ. က ကမာပတ်ကျေးရွာကျောင်း၊ သုံးခွမြို့နယ်ရှိ အ. လ. က (၁) ကျောင်း၊ ကွမ်းခြံကုန်းမြို့နယ်ရှိ အ. ထ. က (၁) ကျောင်း၊ တိုက်ကြီးမြို့နယ်ရှိ အ. မ. က(မူလွန်) ကျောင်း၊ မှော်ဘီမြို့နယ်ရှိ အ. မ. က (အောင်မင်္ဂလာတပ်) ကျောင်းတို့ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ မြောက်ဒဂုံမြို့နယ်ရှိ ဒဂုံမြို့သစ်ဈေး၊ တာမွေမြို့နယ်ရှိ ဒဂုံညွန့်ဈေး၊ ရွှေပြည်သာမြို့ ခြင်ဆေးခွေစက်ရုံနှင့် အချိုရည်စက်ရုံ၊ ရန်ကင်းမြို့နယ်၊ ကော့မှူးမြို့နယ်ရှိ ကြာကန်ကျေးရွာ၊ သဲဝါကျေးရွာ၊ တိုက်ကြီးမြို့နယ်ရှိ မြို့မရပ်ကွက်တို့ရှိ စားသုံးသူပြည်သူများအား စားသုံးသူများ လိုက်နာရမည့်တာဝန်များ၊ တောင်းဆိုနိုင်သည့် အခွင့်အရေးများ၊ စားသုံးသူနစ်နာမှုများရှိပါက တိုင်ကြားနိုင်သည့် နေရာနှင့်နည်းလမ်းများ၊ စံပြုတိုင်ကြားမှုများနှင့် ဖြေရှင်းဆောင်ရွက်ပေးခဲ့မှုများအား

*စာမျက်နှာ ၂၀ ကော်လံ ၁ သို့*



*စာမျက်နှာ ၆ မှအဆက်*

ခေါ်ယူတွေ့ဆုံ၍ ညှိနှိုင်းဆောင်ရွက်ပေးမှုအရ စားသောက်ဆိုင်မှ တာဝန်ရှိသူက တိုင်ကြားသူအား ငွေကျပ် ၁,၂၅၀,၀၀၀/-ကို ဌာနမှတာဝန်ရှိသူများ ရှေ့မှောက်၌ ပေးလျော်ခဲ့ပြီး တိုင်ကြားသူမှလည်း ၎င်း၏ Facebook စာမျက်နှာတွင် တင်ထားသည့် စားသောက်ဆိုင်နှင့် စပ်လျဉ်းသည့် Post များအား ဖျက်သိမ်းပေးခဲ့သည့်အတွက် နှစ်ဦးနှစ်ဖက် ပြေလည်မှုရရှိသောကြောင့် ညှိနှိုင်းဖြေရှင်းပေးခြင်းဖြင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## ဟိုတယ်ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ



ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့ နယ်နေ တိုင်ကြားသူတစ်ဦးသည် ဟိုတယ်တစ်ခုတွင် တစ်ရက်လျှင် ငွေကျပ် ၆၃,၀၀၀/- နှုန်းဖြင့် (၅) ရက် ဆက်တိုက် (၄၅) ရက်သား ကလေးငယ်အပါအဝင် မိသားစုနှင့်အတူ တည်းခိုနေထိုင်ခဲ့ရာ အခန်းအတွင်း ပိုးဟပ်နှင့် အကောင်များအား တွေ့ရှိရသဖြင့် ကျန်းမာရေးထိခိုက်စေနိုင်သောကြောင့် သန့်ရှင်းရေးပြုလုပ်ပေးရန် Reception သို့ ဖုန်းဆက်အကြောင်းကြားခဲ့ပါကြောင်း၊ ကလေးငယ်ပါနေသောကြောင့် ပြောင်းရွှေ့တည်းခိုရန် ခက်ခဲသောကြောင့် သန့်ရှင်းရေးကိုသာ ဦးစားပေးပြုလုပ်ပေးပါရန် ပြောကြားခဲ့သော်လည်း ပိုးဟပ်နှင့် အကောင်များအား ဖယ်ရှားပေးခြင်းမရှိကြောင်း၊ အခန်းသန့်ရှင်းရေးကိုလည်း သေချာစွာ ပြုလုပ်ပေးခြင်း မရှိသည့်အပြင် အဆိုပါကိစ္စရပ်နှင့် စပ်လျဉ်း၍ တောင်းပန်ခဲ့မှုမရှိခြင်းတို့ကြောင့် စားသုံးသူရေးရာဦးစီးဌာနသို့ Website Complaint System ဖြင့် ဆက်သွယ်တိုင်ကြားလာပါသည်။

တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့် ဟိုတယ်မှ တာဝန်ရှိသူများထံ အကြောင်းကြားဆောင်ရွက်ခဲ့မှုအပေါ် ဟိုတယ်မှ တာဝန်ရှိသူများက တိုင်ကြားသူသည် ၎င်း၏ မိသားစုနှင့်အတူ ဟိုတယ်တွင် လာရောက်တည်းခိုစဉ် အဆင်မပြေမှုနှင့် စပ်လျဉ်း၍ တိုင်ကြားသူတောင်းဆိုသည့် တည်းခိုစရိတ်များအား ငွေပြန်အမ်း ပေးနိုင်ခြင်းမရှိသော်လည်း ဟိုတယ်တွင် (၂)ရက်တည်းခိုခွင့်ကို Free Of Charges (FOC) ဖြင့် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းနှင့် ပထမတည်းခိုစဉ်က ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေး အထူး ဂရုပြု၍ လုပ်ဆောင်ပေးမည် ဖြစ်ကြောင်း အကြောင်းပြန်ကြား လာပါသည်။ ဌာနမှ တာဝန်ရှိသူများက တိုင်ကြားသူထံ အကြောင်း ပြန်ကြားပေးခဲ့ပြီး တိုင်ကြားသူမှလည်း ကျေနပ်မှုရှိပါသောကြောင့် ညှိနှိုင်းဖြေရှင်းပေးခြင်းဖြင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် | ဇန်နဝါရီလ တိုင်ကြားမှု | | တိုင်ကြားမှုနည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | | ဖြေရှင်းရန်ကျန်ရှိမှု | ဆောင်ရွက်မှုအခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | ဇန်နဝါရီလ | | | | |
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ email | ၁၅၁၅ Call Center | ဦးစီးမှူးရုံး | ဒီဇင်ဘာလ ဖြေရှင်းရန်ကျန် | ဇန်နဝါရီလ | ပေါင်း | ဒီဇင်ဘာလ လက်ကျန်မှ | ကုန်စည် | ဝန်ဆောင်မှု | ပေါင်း | | |
| ၁ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | | | | | | ၂ | | ၂ | | | | ၀ | ၂ | ၀.၀၀% |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | ၁ | | ၁ | ၁ | | | ၁ | ၀ | ၁၀၀.၀၀% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁ | ၁ | | | ၁ | ၁ | ၅ | ၂ | ၇ | ၁ | | | ၁ | ၆ | ၁၄.၂၉% |
| ၁၀ | မွန်ပြည်နယ် | ၁ | | | ၁ | | | | ၁ | ၁ | | | | ၀ | ၁ | ၀.၀၀% |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂ | ၁၇ | ၁၂ | ၅ | ၂ | | ၃၃ | ၁၉ | ၅၂ | ၂၁ | | ၃ | ၂၄ | ၂၈ | ၄၆.၁၅% |
| ၁၃ | ရှမ်းပြည်နယ် | | | | | | | | | | | | | | | |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | | ၁ | ၁ | | | | ၂ | ၁ | ၃ | | | | ၀ | ၃ | ၀.၀၀% |
| ၁၅ | ပြည်ထောင်စုနယ်မြေ | | ၃ | ၂ | ၁ | | | ၂ | ၃ | ၅ | ၁ | | | ၁ | ၄ | ၂၀.၀၀% |
| ၁၆ | စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) | | | | | | | | | | | | | | | |
| | စုစုပေါင်း | ၄ | ၂၂ | ၁၅ | ၇ | ၃ | ၁ | ၄၅ | ၂၆ | ၇၁ | ၂၄ | ၀ | ၃ | ၂၇ | ၄၄ | ၃၈.၀၃% |
| | | ၂၆ | | ၂၆ | | | | | | | | ၃ | | | | |

Source: CICC

## ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

### တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိစေရေး၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ် ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ ဘေးအန္တရာယ် ရှိသော ကုန်စည်များ ဈေးကွက်အတွင်းမှ ပပျောက်သွားစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီး အလိုက် စားသုံးသူရေးရာကော်မတီက သတ်မှတ်ပေး

*စာမျက်နှာ ၉ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၇ မှ အဆက်*

(တောင်ဘို့လှ) ၊သဲကုန်းမြို့ အ. မ. က(ကျခတ်တန်း)၊ ဇီးကုန်းမြို့ရှိ အ. လ. က (လယ်တွင်း) ၊ မူလွန် (ကရင်ကုန်း) ကျောင်းတို့ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ အုတ်ဖိုမြို့ တပ်ဆွဲကျေးရွာ ၊ ကဝမြို့နယ် သရက်ကုန်းကျေးရွာ၊ ပဲခူးမြို့၊ ရပ်ကွက်ကြီး (၇)၊ ဘုရားကြီးမြို့ မြို့မ (၁) ရပ်ကွက်တို့ရှိ စားသုံးသူ ပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများဟောပြောခဲ့ကြောင်း၊ အုတ်တွင်းမြို့နယ်၊ ပြည်မြို့ နယ်၊ ရွှေတောင်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်နှင့် ပဲခူးမြို့နယ်တို့တွင် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များလည်း ဆောင်ရွက်ခဲ့ကြောင်း ၊ ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ကုန်စည်များအား ကုန်အညွှန်းအမှတ်အသား မှန်ကန်ပြည့်စုံမှုရှိစေရေး၊ စီးပွားရေးကျင့်ဝတ်၊စည်းကမ်းနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချမှုရှိစေရေး အသိပညာပေး ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မကွေးခရိုင် တောင်တွင်းကြီးမြို့၊ ချောက်မြို့၊ မြို့သစ်မြို့၊ ရေနံချောင်းမြို့တို့မှ အ. ထ. က၊ အ. လ. က၊ အ. မ. က ကျောင်းများရှိ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မကွေးမြို့ရှိ မိဘပြည်သူများ၊ မင်းဘူးခရိုင် မင်းဘူးမြို့၊ ပွင့်ဖြူမြို့များရှိ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကျေးစာရေးများ၊ ပွင့်ဖြူမြို့ မြို့မဈေးရှိ ဈေးသူဈေးသားများ၊ မင်းဘူးမြို့၊ စလင်းမြို့၊ ပွင့်ဖြူမြို့များရှိ မော်တော်ယာဉ်ဂိတ်များမှ ဂိတ်မှူးများနှင့် ယာဉ်မောင်းများ၊ စလင်းမြို့၊ သရက်မြို့၊ အောင်လံမြို့၊ ပခုက္ကူမြို့၊ ဆိပ်ဖြူမြို့၊ ဂန့်ဂေါမြို့များရှိ အ. ထ. က၊ အ. လ. က၊ အ. မ. က ကျောင်းများရှိ ဆရာဆရာမများ နှင့်ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေး ဆိုင်ရာ အသိပညာပေးများဟောပြောခဲ့ကြောင်း၊ ထို့ပြင် ဂန့်ဂေါမြို့၊ သရက်မြို့၊ ဆင်ပေါင်ဝဲမြို့များတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာ ပေး Talk Show အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် မကွေး ခရိုင် ရေနံချောင်းမြို့ရှိ ဆန်ရောင်းချသည့်လုပ်ငန်းရှင်များ၊ မကွေးမြို့၊ မြို့သစ်မြို့၊ တောင်တွင်းကြီးမြို့၊ ချောက်မြို့၊ ရေနံချောင်းမြို့၊ မင်းဘူးမြို့၊ ပွင့်ဖြူမြို့၊ စလင်းမြို့၊ သရက်မြို့၊ ဆင်ပေါင်ဝဲမြို့၊ အောင်လံမြို့၊ ပခုက္ကူမြို့၊ ဂန့်ဂေါမြို့၊ ဆိပ်ဖြူမြို့တို့ရှိ စတိုးဆိုင်၊ ကုန်မျိုးစုံအရောင်း ဆိုင်၊ စားသောက်ကုန်ဆိုင်မှ လုပ်ငန်းရှင်များ၊ မကွေးမြို့၊ ချောက်မြို့၊ တောင်တွင်းကြီးမြို့၊ ပခုက္ကူမြို့၊ ဂန့်ဂေါမြို့၊ ဆိပ်ဖြူမြို့များရှိ စားသုံးဆီရောင်းချသည့် လုပ်ငန်းရှင်များ၊ မကွေးမြို့၊ အောင်လံမြို့တို့ရှိ စက်သုံးဆီရောင်းချသည့် လုပ်ငန်းရှင်၊ မကွေးမြို့ရှိ ဆေးနှင့်ဆေးပစ္စည်းရောင်းချသည့်လုပ်ငန်းရှင်များ၊ နတ်မောက်မြို့၊ သရက်မြို့၊ အောင်လံမြို့များရှိ သောက်ရေသန့်ရောင်းချသည့် လုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ အသိပညာပေးခြင်း၊ LED Board တွင်

*စာမျက်နှာ ၁၉ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၅ မှ အဆက်*

တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ ဖြေရှင်းဆောင်ရွက်ပေးခဲ့သည့် စားသုံးသူတိုင်ကြားမှုဖြစ်စဉ်များကို အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် (၁) ကြိမ်၊ ကလေးခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၄) ကြိမ်၊ ကန့်ဘလူမြို့နယ်တာဝန်ခံရုံးအနေဖြင့် (၂) ကြိမ်၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၅) ကြိမ်၊ မုံရွာခရိုင် ဦးစီးမှူးရုံးအနေဖြင့် (၃) ကြိမ်၊ ယင်းမာပင်ခရိုင် ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ ရွှေဘိုခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၄) ကြိမ်၊ စုစုပေါင်း (၂၁) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်တို့၏ တာဝန်များ၊ ရည်ညွှန်းဈေးသတ်မှတ်ထားသော ကုန်စည်များအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချစေရေး ဆွေးနွေးဟောပြောခြင်း၊ စီးပွားရေးလုပ်ငန်းရှင်နှင့်သက်ဆိုင်သော လက်ကမ်းစာစောင်များ၊ စားသုံးသူကာကွယ်ရေး ဥပဒေစာအုပ်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့ပေါ်ရှိ အ. မ. က လွန်ကျောင်း (ဆန်းချီ)၊ ဇေယျာဘုမ္မိ ဘုန်းတော်ကြီးသင်ကျောင်း၊ မြိတ်မြို့ရှိ အ. လ. က (၁၁) ကျောင်း၊ ကော့သောင်းမြို့ပေါ်ရှိ အ. မ. က လွန်ကျောင်း (အေးရိပ်ငြိမ်း)၊ မူလတန်းလွန်ကျောင်း (အဏ္ဏဝါ) တို့တွင် ဆရာဆရာမများနှင့် ကျောင်းသားသူများ၊ ထားဝယ်လမင်းကားဂိတ်၊ မြိတ်ခရိုင်ရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ၊ စားသုံးသူအခွင့်



အရေးများနစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများအကြောင်း အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးခရိုင်၊ ပဲခူးမြို့ရှိ အ. လ. က (စာကလေးကွင်း)၊ တောင်ငူခရိုင် ရေတာရှည်မြို့နယ်ရှိ အ. ထ. က (ရွှေကြက်ယက်)၊ တောင်ငူမြို့နယ် အ. မ. က လွန် (ရှမ်းတန်း)၊ ဖြူးမြို့နယ်ရှိ (အ. ထ. က -၂) (ဇေယျဝတီ)၊ တောင်ငူမြို့နယ် အ. ထ. က (ခွဲ) ဟင်းငုတ်ပင်၊ တောင်ငူမြို့နယ် အ. ထ. က(၇)၊ဖြူးမြို့နယ် အ. လ. က (ခွဲ) တပ်တွင်းကျောင်း၊ ၊ ပြည်ခရိုင် ရွှေတောင်မြို့နယ်ရှိ အ. မ. က ( နွားမယံ )၊ ပြည်မြို့ရှိ အ. မ. က (ပုတ်တန်းကျောင်း)၊ သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်ရှိ အ. မ. က (ကျောင်းကုန်း)၊ သာယာဝတီမြို့ရှိ အ. မ. က (ရိုးကြီး) ၊ ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့ရှိ အ. လ. က (ခွဲ) ခတ်ချိုကွင်း ၊ ညောင်လေးပင်မြို့ရှိ အ. မ. က (မူလွန်) ရွာသစ်ကျောင်း၊ အ. မ. က(မူလွန်) ငှက်ပျောတော၊ နတ်တလင်းခရိုင် ပေါင်းတည်မြို့ရှိ နတ်တလင်းမြို့ (ဗဟိုမူလွန် )၊ အ. မ. က (လက်ပံပါးပျင်း) ၊အ. လ. က

*စာမျက်နှာ ၁၇ ကော်လံ ၁ သို့*



*စာမျက်နှာ ၈ မှအဆက်*

ထားသည့် တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်မည့် ကုန်စည် (၁၀) မျိုးကို သက်ဆိုင်ရာမိတ်ဖက်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း -

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** စားသောက်ကုန်များ၊ လူသုံးကုန်များ၊ စက်ရုံများ၊ ဆေးဝါးမျိုးစုံနှင့် စက်သုံးဆီများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ရာ တစ်နှစ်အတွင်း ဦးစားပေးဆောင်ရွက်ရန် လျာထားသည့် ကုန်စည် (၁၀) မျိုးဖြစ်သည့် အသင့်သောက်အချိုရည်၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ အေးခဲအစားအစာအမျိုးမျိုး၊ သောက်ရေသန့်အမျိုးမျိုး၊ အရန်သင့်အစားအစာအမျိုးမျိုး၊ အာဟာရဖြည့်စွက်စာအမျိုးမျိုး၊ ကလေးကစားစရာအရုပ်နှင့်ပစ္စည်းအမျိုးမျိုး၊ သွားတိုက်ဆေးအမျိုးမျိုးတို့အား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၂၇) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့၊ စည်ပင်သာယာဈေးကြီးအတွင်းရှိ အသင့်စားမုန့်မျိုးစုံ အရောင်းဆိုင်များ၊ အလှကုန်အရောင်းဆိုင်များ၊ ကုန်စုံဆိုင်များ၊ မြိတ်မြို့ပေါ်ရှိ အ. ထ. က (၉) ၊ အ. ထ. က (၅) ကျောင်းမုန့်ဈေးတန်းများ၊ ဆေးဆိုင်များ၊ ကော့သောင်းမြို့ပေါ်ရှိ အ. လ. က (၁၁) ကျောင်းမုန့်ဈေးတန်းဆိုင်များ၊ အိမ်သုံးဆေးဝါးအရောင်းဆိုင်များ၊ ကုန်တိုက်များ၊ ကော့သောင်းမြို့ပေါ်ရှိ မုန့်တိုက်နှင့်မုန့်လုပ်ငန်း၊ အ. မ. က လွန်ကျောင်း



(အေးရိပ်ငြိမ်း)နှင့် အ. မ. က လွန်ကျောင်း(အဏ္ဏဝါ) ကျောင်းတို့ရှိ မုန့်ဈေးတန်းများသို့ သွားရောက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ သက်တမ်းလွန်ကုန်စည်များ ရောင်းချနေမှု ရှိ-မရှိ၊ သက်ဆိုင်ရာ ထောက်ခံချက်များရှိ-မရှိ၊ စားသုံးဆီရောင်းချနေမှုများ ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးခရိုင် ပဲခူးမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ဝေါမြို့နယ်တို့ရှိ ရပ်ကွက်ကုန်စုံဆိုင်များ၊ တောင်ငူခရိုင် တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ဖြူးမြို့နယ် ၊ အုတ်တွင်းမြို့နယ်များရှိ မြို့မစည်ပင်သာယာဈေးနှင့် ရပ်ကွက်ကုန်စုံဆိုင်များ၊ ပြည်ခရိုင်၊ ပန်တောင်းမြို့နယ်၊ ရွှေတောင်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်တို့ရှိ စည်ပင်သာယာဈေး၊ ရပ်ကွက်ကုန်စုံဆိုင်များ၊ စတိုးဆိုင်များ၊ သာယာဝတီခရိုင် သာယာဝတီမြို့၊ ကြို့ပင်ကောက်မြို့၊ လက်ပံတန်းမြို့၊ မင်းလှမြို့၊ အုတ်ဖိုမြို့၊ မိုးညိုမြို့၊ စည်ပင်သာယာဈေးများ ရပ်ကွက်ကုန်စုံဆိုင်များ၊ ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့နယ် ၊ ကျောက်တံခါးမြို့နယ်များရှိ စည်ပင်သာယာဈေးများ၊ နတ်တလင်းခရိုင် ပေါင်းတည်မြို့၊ ဇီးကုန်မြို့၊

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

*စာမျက်နှာ ၉ မှအဆက်*

နတ်တလင်းမြို့၊ သဲကုန်းမြို့နယ်တို့ရှိ ရပ်ကွက်ကုန်စုံဆိုင်များအား သွားရောက်၍ သက်ဆိုင်ရာ မိတ်ဖက်ဌာနဆိုင်ရာများနှင့် ပူးပေါင်းကွင်းဆင်းစစ်ဆေးပြီး စားသုံးဆီများ၊ စက်သုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများဖြင့် ရောင်းချခြင်းရှိ-မရှိ ၊ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် ညွှန်ကြားချက်နှင့် ကိုက်ညီမှုရှိ-မရှိ၊ မိမိတို့ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုန်စည်များတွင် အရည်အသွေး၊ အလေးချိန်၊ အချိန်အတွယ်၊ ပမာဏနှင့်အမျိုးအစား များ မှန်ကန်စွာ ဖြန့်ဖြူးရောင်းချမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်**
မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များ၊ စည်ပင်သာယာဈေးများ၌ ရောင်းချလျက်ရှိသော ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာဖော်ပြထားခြင်းရှိ-မရှိနှင့် သက်ဆိုင်ရာဌာနများမှ စားသုံးရန်သုံးစွဲရန်မသင့်သော ကုန်စည်များအား ဈေးကွက်အတွင်း ရောင်းချခြင်းရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို စည်ပင်သာယာဈေးတွင် (၁၆) ကြိမ်၊ မြို့ပေါ်ရှိရပ်ကွက်များတွင် (၁၉)ကြိမ်၊ စက်ရုံအလုပ်ရုံများတွင် (၂၅) ကြိမ်၊ ကျောင်းမုန့်ဈေးတန်းများတွင် (၆) ကြိမ်၊ စုစုပေါင်း (၆၆) ကြိမ်နှင့် အထူးဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို စက်သုံးဆီအရောင်းဆိုင်များတွင် (၄) ကြိမ်၊ စားသုံးဆီအရောင်းဆိုင်များတွင် (၄) ကြိမ်၊ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များတွင် (၃) ကြိမ်၊ စုစုပေါင်း (၁၁) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်**
မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်ရှိ CIS-2၊ အော်စကာ(Mart)၊ မြတ်သုခကုန်စုံဆိုင်ရှိ သွားတိုက်ဆေးအမျိုးမျိုး၊ အသင့်စားမုန့်အမျိုးမျိုး၊ ဆေးနှင့်ဆေးပစ္စည်းအမျိုးမျိုးတို့ကို (၂၈) ကြိမ် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ ကျောက်ဆည်မြို့၊ မြစ်သားမြို့၊ စဉ့်ကိုင်မြို့၊ တံတားဦးမြို့၊ ကူမဲမြို့၊ မိတ္ထီလာမြို့၊ သာစည်မြို့၊ ရမည်းသင်းမြို့၊ ပျော်ဘွယ်မြို့နှင့် မလှိုင်မြို့ပေါ်ရှိ ကုန်စုံဆိုင်များနှင့် စတိုးဆိုင်များ၊ အလှကုန်ဆိုင်များ၊ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များ၊ ဆန်ဆိုင်များကို ( ၈၂ ) ကြိမ် ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်းသိရှိရပါသည်။ ထို့နောက် မြင်းခြံ၊ ကျောက်ပန်းတောင်းနှင့် ညောင်ဦးမြို့ပေါ်ရှိ ကုန်စုံဆိုင်နှင့် စတိုးဆိုင်များကိုလည်း (၃၂) ကြိမ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်**
ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့မဈေးများ၊ ကုန်တိုက်များ၊ ရပ်ကွက်ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသော ဆပ်ပြာခဲအမျိုးမျိုးနှင့် စားသုံးဆီအမျိုးမျိုး၊ ခရမ်းမြို့နယ်၊ သုံးခွမြို့နယ်ရှိ စာသင်ကျောင်းများ၏ ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသော အသင့်စား စားသောက်ကုန်အမျိုးမျိုး၊ တာမွေမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ တွံတေးမြို့နယ်နှင့် လှိုင်သာယာမြို့နယ်များရှိ ဆေးဝါးအမျိုးမျိုးရောင်းချနေသော ဆေးဆိုင်များ၊ အရှေ့ဒဂုံမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်တို့ရှိ စားသောက်ကုန် ထုတ်လုပ်ရောင်းချနေသောစက်ရုံ၊ အလုပ်ရုံများ၊ ရွှေပြည်သာမြို့နယ်ရှိ လူသုံးကုန်ထုတ်လုပ်ရောင်းချနေသော စက်ရုံ

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*



## ၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်းသည့် အချက်အလက်များ ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန် လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရန်အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီအတွင်း ကုမ္ပဏီ ၁၀၇ ခုမှ တင်ပြလာသည့် ကုမ္ပဏီ ၁၀၇ ခုမှ တင်ပြလာသည့် ကုန်ပစ္စည်း၃၃၈မျိုးကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စိစစ်ခွင့်ပြုပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ထုတ်လုံ

## စားသုံးသူအသိပညာပေးကဏ္ဍ

### တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနရှိ တိုင်းဒေသကြီး ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေး၊ လုံခြုံစိတ်ချရမှုရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုများ ရွေးချယ်ဝယ်ယူသုံးစွဲတတ်စေရေး၊ စားသုံးသူ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက ကုစားမှုများ ရယူတောင်းဆိုတတ်စေရေး၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိနိုင်စေရေးတို့အတွက် စားသုံးသူအသိပညာပေး ဟောပြောပွဲများ ကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း-

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်**
ကလေးခရိုင် ကလေးမြို့နယ် ဆည်တော်ဦးကျေးရွာရှိ အ.ထ.က ကျောင်း၊ ကလေးဝမြို့ရှိ အမှတ် (၃) မူလွန်ကျောင်း၊ ကန့်ဘလူခရိုင် ကန့်ဘလူမြို့ ဆိတ်ဖူးမြောင်ကျေးရွာရှိ အ.လ.က (ခွဲ) ကျောင်း၊ ကျွန်းလှမြို့၊ သံပိုကျေးရွာရှိ အ.လ.က ကျောင်း၊ စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်ရှိ အလက(ခွဲ)ကျောင်းတို့မှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မုံရွာခရိုင် မုံရွာမြို့၊ ရွာတောင်ရပ်ကွက်ရှိ အများသုံးသယ်ယူပို့ဆောင်ရေးဂိတ်များရှိ စားသုံးသူပြည်သူများအား ဌာန၏ မျှော်မှန်း ချက်များ၊ ရည်မှန်းချက် တာဝန်များ၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ ဌာနသို့ ဆက်သွယ်

*စာမျက်နှာ ၁၆ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၃ မှ အဆက်*

လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ အွန်လိုင်းမှတ်ပုံတင် ရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာ ဖော်ပြရေး၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ တာဝန်များ၊ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်များနှင့် သိရှိလိုက်နာရမည့်အချက်များ အသိ ပညာပေးခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မင်းဘူးမြို့နှင့် စလင်းမြို့များရှိ အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့် လုပ်ငန်းရှင်များ အား အွန်လိုင်းစနစ်ဖြင့်ရောင်းချပါက Online မှတ်ပုံတင်လက်မှတ် လျှောက်ထားရန်နှင့် လက်မှတ် ရရှိသူ၏ တာဝန်များ ဖောက်ဖျက်မှုမရှိစေရေး အသိပညာ ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** တောင်ကြီးမြို့ ကန်ရှေ့ရပ် နယ်မြေ(၁၀) မဟာသုခလမ်း၊ အိမ်အမှတ် (၂၄၇)နေ စေးဗားစတင်း တောင်ကြီးအွန်လိုင်းရှော့နှင့် ဖြူးတီးဟောက် အွန်လိုင်းလုပ်ငန်း၊ ပင်းတယမြို့ ဆူဗိုလ်ကုန်းရပ်ကွက်ရှိ အွန်လိုင်းစနစ်ဖြင့် အလှကုန် ရောင်းချသည့်လုပ်ငန်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ရပ်ကွက်(၂) အတွင်းရှိ အလှကုန်နှင့်အိပ်ယာခင်း အမျိုးမျိုးရောင်းချသည့်လုပ်ငန်းအရောင်း ဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ရာ အွန်လိုင်းစနစ်ဖြင့် ရောင်းဝယ်မှု ပြုလုပ်ရာတွင် သက်ဆိုင်ရာဌာန၏ ထောက်ခံချက် မှတ်ပုံတင်ပြုလုပ်၍ စနစ်တကျ ဖြန့်ဖြူးရောင်းဝယ်မှု ပြုလုပ်ရန်၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပါ အတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် စားသုံးသူကာကွယ်ရေး ဥပဒေအခန်း(၁၀)ပါ စီးပွားရေး လုပ်ငန်းရှင်၏ တာဝန် များကို လိုက်နာဆောင်ရွက်ရန် အသိပညာပေးခဲ့ကြောင်း သိရှိရပါသည်။

**Source: တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူးရုံးများ**

## ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စား အစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက် အချိုရည်များ၊ အရန်သင့်အစားအစာများ၊ အိမ်သုံး ဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို ဘေးအန္တရာယ် ကင်းရှင်းမှု ရှိ-မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခြင်း၊ စားသုံးဆီများအား ဖြစ်သင့် ဖြစ်ထိုက်သော ဈေးနှုန်းများနှင့် ရောင်းချခြင်းရှိ-မရှိနှင့် ဆေးနှင့်ဆေးပစ္စည်းများ ဈေးကွက်အတွင်း ပစ္စည်း ပြတ်လပ်မှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ အတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု (၂၁၇၁) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ထုတ်လုပ်



*စာမျက်နှာ ၁၀ မှ အဆက်*

အလုပ်ရုံတို့သို့ သွားရောက်၍ ကုန်အညွှန်း အမှတ်အသား ပြည့်စုံစွာ ဖော်ပြထားခြင်းရှိ-မရှိ ကွင်းဆင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ဝါးခယ်မမြို့နယ်၊ ဝါးခယ်မမြို့ အ.ထ.က(၂)ကျောင်း၊ ကျုံမငေး အ.ထ.က ကျောင်း၊ အိမ်မဲမြို့၊ ကျွဲလမ်းကျေး ရွာ အ.မ.ကကျောင်းများတွင် ရောင်းချနေသည့် ကျောင်းမုန့်ဈေးတန်းများရှိ မုန့်များအား ကုန်အညွှန်း အမှတ်အသားပြည့်စုံမှုရှိမရှိ၊ စားသုံးရန်မသင့်သော မုန့် များ၊ ဘေးအန္တရာယ်ရှိသည့်မုန့်များ ရောင်းချ မှုရှိ-မရှိ ၊ ဟင်္သာတမြို့၊ မအူပင်မြို့နှင့် ဇလွန်မြို့ရှိ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များအား ဆေးပြတ်လပ်မှု ရှိ-မရှိ၊ အာဟာရဖြည့်စွက်စာအမျိုးမျိုးတို့အား လက်ကား ဈေးအပေါ်တွင် ဒေသပေါက်ဈေးထက် ဈေးနှုန်းမြင့်တင် ရောင်းချမှုရှိ-မရှိ စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**Source: တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

## ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ် ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာ ပြည်နယ်များ အလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း-

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနား မြို့ရှိ မြို့မရပ်ကွက်၊ မြို့သစ်ကြီးရပ်ကွက်၊ ရမ်ပူရပ်ကွက်၊ အောင်နန်းရပ်ကွက်၊ မန်ခိန်ရပ်ကွက်၊ အေးစေတီရပ်ကွက် တို့ရှိ ကုန်စုံဆိုင်များ၊ ရှမ်းစုမြောက်ရပ်ကွက် အမှတ်(၇) အ.ထ.က ကျောင်းရှိ ကျောင်းမုန့်ဈေးဆိုင်၊ မန်ခိန် ရပ်ကွက်ရှိ စတိုးဆိုင်၊ အကူး(ရာဒါကောင်းဘီ)ရပ်ကွက်ရှိ သောက်ရေသန့်စက်ရုံ၊ မိုးညှင်းမြို့ အရှေ့စုရပ်ကွက်၊ အုတ်ကျင်းရပ်ကွက်၊ စိမ်းတောင်ရပ်ကွက်၊ မြို့မရပ်ကွက်၊ နားခါရပ်ကွက်တို့ရှိ ကုန်စုံဆိုင်များ၊ အမှတ်(၂) အ.ထ.က ကျောင်းရှိ မုန့်ဈေးဆိုင်များ၊ အမှတ်(၁) စည်ပင်သာယာ ဈေးရှိ ကုန်စုံဆိုင်၊ နောင်စွန်းရပ်ကွက်ရှိ Mini Mart ကုန်စုံ ဆိုင်၊ နတ်ကြီးကုန်းရပ်ကွက်ရှိ ဆေးဆိုင်၊ မြို့မရပ်ကွက်ရှိ Baby Store၊ နောင်စွန်းရပ်ကွက်ရှိ မုန့်မျိုးစုံလုပ်ငန်းများ သို့သွားရောက်၍ ကုန်စည်များအား ဘေးအန္တရာယ် ကင်းရှင်းမှုရှိ-မရှိ၊ ကုန်အညွှန်းအမှတ် အသားပြည့်စုံစွာ ဖော်ပြထားခြင်းရှိ-မရှိ၊ သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်း ရှိ-မရှိ၊ စံမညီဆေးဝါးများ ဈေးကွက် အတွင်း ရောင်းချခြင်း ရှိ-မရှိ စစ်ဆေးခဲ့ကြောင်း သိရှိရ ပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်ကော် မြို့ပေါ်ရှိ စားသောက်ကုန်များ၊ လူသုံးကုန်များနှင့် အရန်သင့်အစားအစာအမျိုးမျိုး လက်လီ/လက်ကား ရောင်းချနေသော ကုန်စုံဆိုင်များ၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေး အမျိုးမျိုးရောင်းချနေသော အရောင်းဆိုင်များသို့ သွားရောက်၍ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကုန်အညွှန်းအမှတ်အသားသတ်မှတ်ချက်

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၁ မှ အဆက်*

များနှင့် ပြည့်စုံမှု ရှိ-မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** သထုံခရိုင် ဘီးလင်းမြို့နယ်အတွင်းရှိ မော်တော်ယာဉ်လက်မှတ်အရောင်းဂိတ်နှင့် မော်တော်ယာဉ်ရပ်နားရာဂိတ်များသို့ သွားရောက်၍ ခရီးသည်နှင့်ကုန်စည်များ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စစ်ဆေးရမည့် အချက်များအား စစ်ဆေးခဲ့ကြောင်း၊ ထို့ပြင် မော်လမြိုင်မြို့နယ်အတွင်းရှိ မြိုင်သာယာရပ်ကွက်၊ကြာအင်းရပ်ကွက်၊ ဈေးကြိုရပ်ကွက်၊ မောင်ငံရပ်ကွက်၊ ငန်းတေးရပ်ကွက်နှင့် ခြောက်မိုင်ရပ်ကွက်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များအား သွားရောက်၍ စစ်ဆေးခဲ့ရာ ဆီဆိုင်၌ မြို့နယ် ကော်မတီမှ ရည်ညွှန်းဈေးနှုန်း အတိုင်းရောင်းချမှု ရှိ-မရှိနှင့် အရောင်းဆိုင်ပိတ်ထားမှု ရှိ-မရှိ စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** နမ့်စန်မြို့နှင့် ပင်လုံမြို့ပေါ်ရှိ အသင့်စားစားသောက်ကုန်အမျိုးမျိုး ရောင်းချသည့် ကုန်စုံဆိုင်များ၊ ပင်းတယမြို့အတွင်းရှိ အော်ယော်ရပ်ကွက်ရှိ ကုန်စုံဆိုင်များ၊ ပွေးလှကျေးရွာရှိ ကုန်စုံဆိုင်၊ ပင်လုံမြို့၊ တောင်ကြီး၊ ပင်းတယမြို့အတွင်းရှိ စားအုန်းဆီဆိုင်များ၊ နမ့်ဆန်မြို့၊လွိုင်လင်မြို့၊ ပင်းတယမြို့အတွင်းရှိ ဆန်ဆိုင်များ၊ နမ့်စန်မြို့၊ လွိုင်လင်မြို့၊ ပင်လောင်းမြို့ပေါ်ရှိ ဆေးနှင့်ဆေးပစ္စည်းဆိုင်များ၊ တောင်ကြီးမြို့ပေါ်ရှိ စိုက်ပျိုးရေးနှင့် ဓာတ်မြေဩဇာ အရောင်းဆိုင်များ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ အ.ထ.က (၂) ကျောင်း



အတွင်းရှိ မုန့်အရောင်းဆိုင်များ၊ ရပ်ကွက် (၃) အတွင်းရှိ ကိတ်မုန့်ပေါင်မုန့်လုပ်ငန်း ၊ ဆားချိုသီးဖျော်ရည်လုပ်ငန်း၊ ကျိုင်းတုံမြို့ ရပ်ကွက်(၁) ယန်းခမ်းရပ်ရှိ သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်လိုင်းများ၊ တာချီလိတ်မြို့နယ် ဆန်ဆိုင်း (က) ရပ်ကွက်နှင့် မယ်ခေါ်ရပ်ကွက်တို့ရှိ မုန့်လုပ်ငန်းရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁၄)ရှိ မုန့်ထုတ်လုပ်ရေးလုပ်ငန်းများအား သွားရောက်၍ ဘေးအန္တရာယ်ကင်းရှင်း မှုရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်း ရှိ-မရှိ၊ စံမညီဆေးဝါးများ ဈေးကွက်အတွင်း ရောင်းချခြင်း ရှိ-မရှိ၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ရာ ဈေးများတွင် (၂) ကြိမ်၊ ရပ်ကွက်ကုန်စုံနှင့် စတိုးဆိုင်များတွင် (၁၀) ကြိမ်၊ ဆေးဆိုင်များတွင် (၃) ကြိမ်၊ စက်ရုံအလုပ်ရုံများတွင် (၁) ကြိမ်၊ ကျောင်းမုန့်ဈေးဆိုင်များတွင် (၁) ကြိမ်၊ ယာဉ်လိုင်းဝန်ဆောင်မှုလုပ်ငန်းတွင် (၁) ကြိမ်၊ စိုက်ပျိုးရေးနှင့် ဓာတ်မြေဩဇာအရောင်းဆိုင်တွင်(၁) ကြိမ် အခြားဆိုင်များတွင် (၈) ကြိမ် စုစုပေါင်း (၂၇) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ



## Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

Online စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းအား ၂၁-၇-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃) ဖြင့် အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ Online Sale မှတ်ပုံတင်လက်မှတ် လျှောက်ထားလာမှုအား မြေပြင်ကွင်းဆင်းစစ်ဆေး၍ လျှောက်ထားသည့် အချက်အလက်များနှင့် မြေပြင်တွင် အမှန်တကယ်ကိုက်ညီမှုရှိမှသာလျှင် မှတ်ပုံတင် လက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း လစဉ် အသိပညာပေးဆောင်ရွက်မည့် အစီအမံများရေးဆွဲ၍ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း -

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက်ရှိ ပယင်း၊ ကျောက်စိမ်းလက်ဝတ်ရတနာအမျိုးမျိုးရောင်းဝယ်ရေး လုပ်ငန်းရှင်၊ လယ်ကုန်းရပ်ကွက်ရှိ စားသုံးသူပြည်သူများ၊ မိုးညှင်းမြို့ရှိ စက်ဘီးအမျိုးမျိုး ရောင်းဝယ် ရေးလုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများနှင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့် မှတ်ပုံတင်လက်မှတ်လုပ်ငန်းရှင်များအား အွန်လိုင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်များနှင့် သိရှိလိုက်နာရမည့်အချက်များကို အသိပညာပေး ဆွေးနွေးခဲ့ပြီး တရားမဝင်တင်သွင်းလာသော ကုန်ပစ္စည်းများအား ဝယ်ယူရောင်းချခြင်း မပြုရန်နှင့် အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပါပြစ်မှု၊ ပြစ်ဒဏ်များ အကြောင်းတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** Online Shop လုပ်ငန်းရှင်များဖြစ်သည့် မြောက်ဒဂုံမြို့နယ်ရှိ အထည်အလိပ်၊ အဝတ်အထည်နှင့် ဆက်စပ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ မင်္ဂလာဒုံမြို့နယ်ရှိ အလှကုန်လုပ်ငန်း၊ လှိုင်သာယာမြို့နယ်ရှိ အဝတ်အထည်လုပ်ငန်း၊ သန်လျင်မြို့နယ်ရှိ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းနှင့် စားသောက်ကုန်လုပ်ငန်း၊ ရွှေပြည်သာမြို့နယ်ရှိ ခြင်ဆေးခွေစက်ရုံလုပ်ငန်းနှင့် အချိုရည်စက်ရုံလုပ်ငန်းတို့ရှိ လုပ်ငန်းရှင်များ၊ ထို့ပြင် ရန်ကုန်တိုင်းနှင့် အနောက်ပိုင်းခရိုင်ရှိ Online Sale ရောင်းချသည့် လုပ်ငန်းရှင်များအား အွန်လိုင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ခြင်းဆိုင်ရာအချက်များနှင့် သိရှိလိုက်နာရမည့်အချက်များကို အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ကျိုက်လတ်မြို့နယ်ရှိ Online Sale ရောင်းချသည့် လုပ်ငန်းရှင်များအား အွန်လိုင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ခြင်းဆိုင်ရာအချက်များနှင့် သိရှိလိုက်နာရမည့် အချက်များကို အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** အွန်လိုင်းမှတဆင့် ဖြန့်ဖြူးရောင်းချလျက်ရှိသော

*စာမျက်နှာ ၁၄ ကော်လံ ၁ သို့*